## ဘုရားရှင်ကြွ၍ သြဝါဒပေးတော်မူခြင်း

ရာဇဂြိုဟ်မြို့တော်ဝယ် ဇိမ္ဗိသာရမင်းကြီး လှူဒါန်းအပ်သော ဝေဠုဝန်တိုက်တော်ကြီး၏ အစွန်အဖျား၌ ကမ္မဋ္ဌာန်းကျောင်းကလေး တည်ရှိလေသည်၊ ထို ကမ္မဋ္ဌာန်းကျောင်း အနီး၌ သရက်ပင်ပျိုကလေးလည်း ရှိ၏၊ ထို သရက်ပင်ပျိုကို "အမ္ဗလဋ္ဌိကာ" ဟု ခေါ်၏၊ ကမ္မဋ္ဌာန်းကျောင်းကလေးလည်း သရက်ပင်ပျိုကို အကြောင်းပြု၍ "အမ္ဗလဋ္ဌိကာကျောင်း" ဟုပင် နာမည်တွင်လေသည်။

ဆူးမှန်လျှင် ပေါက်ခါစမှ စ၍ အဖျားထက်သကဲ့သို့ ရှင်ရာဟုလာလည်း ၇-နှစ်သားအရွယ် ငယ်ငယ်ကလေးကပင် သူတော်ကောင်းဘက်၌ ထက်ထက်မြက်မြက် ရှိလှ၏၊ ထို့ကြောင့် ဆိတ်ငြိမ်သော နေရာဝယ် တပါးတည်း နေလိုရကား ကျောင်းတိုက်ကြီး၏ အစွန်အဖျားဖြစ်သော ထို ကမ္မဋ္ဌာန်းကျောင်းကလေးမှာ နေလေသည်၊ဗုဒ္ဓမြတ်စွာသည် ညနေချမ်းအခါဝယ် ရှင်ရာဟုလာအား သြဝါဒ ပေးတော်မူလိုသောကြောင့် ထို အမ္ဗလဋ္ဌိကာ ကမ္မဋ္ဌာန်းကျောင်းကလေးသို့ ကြွတော်မူလေသည်။ [လိမ်၍ ပြောသော စကားကို "မုသား" ဟု ခေါ်၏၊ ငယ်ရွယ်သူတို့သည် မုသား ပြောတတ်ကြ၏၊ ထို့ကြောင့် ၇-နှစ်သားအရွယ် ရှင်ရာဟုလာအား မုသား မပြောဘို့ရန် သြဝါဒ ပေးတော်မူသည်။]

ဗုဒ္ဓမြတ်စွာသည် ထိုင်တော်မူပြီးလျှင် ရေခွက်ထဲ၌ ရေအနည်းငယ်ကို ချန်ထား၍ ရှင်ရာဟုလာကို မေးတော်မူသည်မှာ–"ရာဟုလာ....ရေခွက်ထဲ၌ရေအနည်းငယ်ကို မြင်ရဲ့လား"။

ရာဟုလာ။ ။မြင်ပါသည် အရှင်ဘုရား။